# သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် မိုင်းတုံနှင့်အခြားသောရေအားလျှပ်စစ် စီမံကိန်းနှင့်ပတ်သက်၍

## သံလွင်သားချင်းများ၏ သဘောထား ကြေငြာချက်၊

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။

## ၁၀၊ ၀၃၊ ၂၀၁၅

1. မိုင်းတုံ (တာစန်း) ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်လုပ်ဆောင်မည့်ဒေသသည် ရှမ်းပြည်နယ်၊ မိုင်းတုံဒေသဖြစ်သော်လည်း ပြည်သူ့ သဘောထားခံယူချက်ကိုတောင်ကြီးမြို့ တွင်ပြုလုပ်ခြင်းမှာတာဝန်ရှိပုဂ္ဂိုလ်များ၏မရိုးသားမှုဟုရှုမြင်သည်။

2. သံလွင်မြစ်ပေါ်တည်ဆောက်မည့်ရေအားလျှပ်စစ်စီမံကိန်းများသည် ပွင့်လင်းမြင်သာမှုမရှိသည့်အပြင်တိုင်းပြည်နှင့် ဒေသခံပြည်သူလူထုများအတွက် အကျိုးအမြတ်ခွဲဝေရာတွင်လည်း ရာခိုင်နှုန်းနည်းပါးသောကြောင့် စီမံကိန်းများအားရှုတ်ချကန့် ကွက်သည်။

3. ခိုင်မာသောအပစ်အခတ်ရပ်စဲရေးနှင့်နိုင်ငံရေးအာမခံချက်မရရှိသေးသည့်ကာလအတွင်း သံလွင်မြစ်ပေါ်တွင်အကောင်အထည်ဖော်မည့်မည်သည့်စီမံကိန်းမဆိုရပ်တန့် ထားရမည်။

4. သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အာမခံချက်မပေးနိုင်သောသံလွင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများအားချက်ချင်းရပ်ဆိုင်းပေးရန်တောင်းဆိုသည်။

5. ကလေးသူငယ်များနှင့်အမျိုးသမီးများအပါအဝင် ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ နေထိုင်မှု၊ ဘဝလုံခြုံရေးထိခိုက်နစ်နာမှုများရှိသည့်အတွက် သံလွင်မြစ်အပေါ်တွင်ရေအားလျှပ်စစ် စီမံကိန်းများအကောင်ထည်ဖော်ခြင်းကို ပြင်းထန်စွာကန့် ကွက်သည်။

6. ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဒေသခံတိုင်းရင်းသားများ၏အကျိုးစီးပွားကိုပျက်ပြားစေသည့် သံလွင်မြစ်ပေါ်ရှိ မည်သည့်စီမံကိန်းမဆို အလေးအနက် ကန့် ကွက်သည်။

7. ဒေသခံတိုင်းရင်းသားအပါအဝင် ပြည်သူလူထုကို စီမံကိန်းများမစမီကပင် ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြခြင်းမရှိသည့် စီမံကိန်းလုပ်ငန်းများလုပ်ဆောင်နေသော ကုမ္ပဏီများကို ပြင်းထန်စွာကန့် ကွက်ရှုတ်ချပြီး ချက်ချင်းရပ်ဆိုင်းပေးရန်သံလွင်သားချင်းများမှအလေးအနက်တောင်းဆိုလိုက်သည်။

**ဆက်သွယ်ရန်**

ကိုနေမျိုး ၀၉၅၂၂၈၂၇၅

ကိုမိုး ၀၉၅၂၂၈၄၄၆

ဒေါ်ခင်မိုးမိုး ၀၉၅၂၀၀၁၅၆